# ၁၉၆၀ ပြည့်နှစ်၊ လူမှုဖူလုံရေး (ပြင်ဆင်ချက်) အက်ဥပဒေ။*

[၁၉၆၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၂၆။]
(၁၉၆၀ ပြည့်နှစ်၊ အောက်တိုဘာလ ၅ ရက်။)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ ဤအက်ဥပဒေကို၊ ၁၉၆၀ ပြည့်နှစ်၊ လူမှုဖူလုံရေး (ပြင်ဆင်ချက်)အက်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ။ နောက်တွင်အဆိုပါအက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၅၄ ခုနှစ်၊ လူမှုဖူလုံရေး အက်ဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ (၂) ၏ အပိုဒ် (ဂ) ကို ပယ်ဖျက်ရမည်။

၃။ ။ အဆိုပါအက်ဥပဒေ ပုဒ်မ ၈ ၊ ပုဒ်မခွဲ (၁) တွင် "ရက်သတ္တပတ် ၁၃ ပတ်" ဆိုသည့် စကားရပ်နှင့် ဂဏန်းအစား၊ "ရက်သတ္တ ၂၆ ပတ်" ဆိုသည့် စကားရပ်နှင့် ဂဏန်းကို ထည့်သွင်းရမည်။

၄။ ။ အဆိုပါအက်ဥပဒေ ပုဒ်မ ၁၈၊ ပုဒ်မခွဲ (၂) တွင် "ရက်သတ္တ ၁၃ ပတ်" ဆိုသည့် စကားရပ်နှင့် ဂဏန်းအစား၊ "ရက်သတ္တ ၂၆ ပတ်" ဆိုသည့် စကားရပ်နှင့် ဂဏန်းကို ထည့်သွင်းရမည်။

၅။ ။ အဆိုပါ အက်ဥပဒေ၏ အခန်း ၇ ကို ပယ်ဖျက်ရမည်။

၆။ ။ အဆိုပါအက်ဥပဒေ ပုဒ်မ ၅၃၊ ပုဒ်မခွဲ (၁) တွင် "ဆေးရုံတက်မှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်ကိုသော်လည်းကောင်း"၊ ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

---

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊
နိုင်ငံတော်သမ္မတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၂၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်။
(၁၉၆၀ ပြည့်နှစ်၊ အောက်တိုဘာလ ၅ ရက်။)

အမိန့်အရ
သာထက်၊
နိုင်ငံတော်သမ္မတ၏ အတွင်းဝန်။

---

* *မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၆၀ ပြည့်နှစ်၊ အောက်တိုဘာလ (၁၅) ရက်။ စာမျက်နှာ - ၁၄၂၀။*